www.burmeseclassic.com

**စာမူခွင့်ပြုချက်အမှတ်**
၃၁၀၂၇၈၁၁၁၁

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**
၃၁၀၃၃၈၁၂၁၁

**မျက်နှာဖုံးသရုပ်ဖော်**
ဘဌေးကြည်

**မျက်နှာဖုံးပုံနှိပ်သူ**
ဦးကျော်ယဉ် (၀၇၈၄၃)၊ ဇမ္ဗူမော်အော့ဖ်ဆက်၊
၂၈၄၊ ၃၉ လမ်း (အထက်)၊ ရန်ကုန်မြို့။

**အတွင်းပုံနှိပ်သူ**
ဒေါ်ခင်လှ (၀၁၅၇၈)၊ စာပေလောကပုံနှိပ်တိုက်၊
၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**
ဦးဖေမြင့် (၀၂၂၅၉)၊ ဖေမြင့်စာပေ၊
အမှတ် N - 6 ၊ ရွှေမာလာရိပ်မွန်၊
ဘုရင့်နောင်လမ်း၊ ကမာရွတ်၊ ရန်ကုန်မြို့။
ဖုန်း– ၀၁ ၇၀၆၁၃၉၊ ၀၉ ၅၁၂၄၀၄၉

**ပုံနှိပ်ခြင်း**
ပထမအကြိမ်၊ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ။

**အုပ်ရေ**
၁၀၀၀

၈၀၈.၈၄
ဖေမြင့်
ဘာကြောင့်ဒီမိုကရေစီလိုချင်ရသလဲ / ဖေမြင့်။ – ရန်ကုန်၊
ဖေမြင့်စာပေ၊ ၂၀၁၁။
၃၆၅ စာ၊ ၁၃.၃ x ၂၀.၈ စင်တီ။
(၁) ဘာကြောင့်ဒီမိုကရေစီလိုချင်ရသလဲ

BURMESE CLASSIC .com

# မာတိကာ


* အမှာစကား ဃ
၁။ အယ်ဒီတာ ခေါင်းကြီး ၁
၂။ အာဇာနည် ၆
၃။ တိုင်းပြည်ဖွံ့ဖြိုးရေးမှာ ဆင်းရဲသားနှင့်သူဌေး
ဘယ်သူ့ ဦးစားပေးမည်လဲ [illegible]
၄။ အမြင်မတူသူများ အတူယှဉ်တွဲနေထိုင်နိုင်ရေး ၁၀
၅။ စစ်နှင့်ငြိမ်းချမ်းရေး ၁၃
၆။ ဘာကြောင့် ဒီမိုကရေစီ လိုချင်ရသလဲ ၁၆
၇။ လူသားချင်း စာနာစိတ် ၁၉
၈။ အခြေခံမှုနှင့် လက်တွေ့ကျင့်စဉ် [illegible]
၉။ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်ဖို့ [illegible]
၁၀။ လူ့ပြဿနာ [illegible]
၁၁။ ပြဿနာကို ပိုင်းခြားဝေဖန်ရာ၌ [illegible]
၁၂။ ကွဲပြားခြင်းနှင့် ခွဲခြားခြင်း [illegible]
၁၃။ တိုင်းပြည်နှင့်လူမျိုး တိုးတက်ဖို့ [illegible]
၁၄။ ပြည်သူ ဘာကို အလိုရှိသနည်း [illegible]
၁၅။ လယ်သမားတို့အတွက် လိုအပ်ချက် [illegible]
၁၆။ နိုင်ငံရေးကို စိတ်ဝင်စားဖို့ 'အသိအမြင်' နှင့် '**စိတ်ဓာတ်**'
လိုပါသည် [illegible]
၁၇။ ပါတီများ စုဖွဲ့ကြသည့်အခါ [illegible]
၁၈။ လူတော် ပေါ်လာမည်လား [illegible]


www.burmeseclassic.com

www.burmeseclassic.com

၁၉။ ခေါင်းဆောင် ၆၂
၂၀။ တိုင်းပြည်စီးပွားရေး တွေးတောစရာ ၆၆
၂၁။ မတူသူတွေ ညှိနှိုင်းကြသည့်အခါ ၇၀
၂၂။ အာဏာများ ခွဲခြားထားသော စနစ် ၇၃
၂၃။ အမြင်မတူတိုင်း ဆန့်ကျင်ကွဲလွဲဖို့ မလိုပါ ၇၇
၂၄။ နိုင်ငံရေးသမားနှင့် ဦးနှောက်စွမ်းရည် ၈၂
၂၅။ ရည်မှန်းချက်၏ မျက်နှာစာနှစ်ရပ် ၈၆
၂၆။ အများပြည်သူ ပါဝင်သော နိုင်ငံရေး ၉၁
၂၇။ စာနယ်ဇင်းလွတ်လပ်ခွင့်နှင့် ဒီမိုကရေစီ ၉၅
၂၈။ စာနယ်ဇင်းသမားနှင့် မိမိ အလုပ်ကို
လေးစားတာဝန်ယူတတ်မှု ၉၉
၂၉။ ဘယ်သို့ ပြောင်းလဲမည်လဲ ၁၀၃
၃၀။ တစ်စိတ်တစ်ဝမ်းတည်း၊ သို့သော် သီးခြားလွတ်လပ်သော
အယူအဆကိုယ်စီ ၁၀၇
၃၁။ ပြည်သူတို့အတွက် အစိုးရကောင်းတစ်ရပ် တည်ရှိဖို့ ၁၁၁
၃၂။ လူ့အဖွဲ့အစည်း မပျက်စီးစေဖို့ ၁၁၄
၃၃။ နိုင်ငံရေးသမား၏ အရည်အသွေးကို ဘယ်အရာနှင့်
တိုင်းတာမည်နည်း ၁၁၉
၃၄။ လယ်ယာကျေးလက် ဖွံ့ဖြိုးတိုးတက်ရေး ၁၂၃
၃၅။ မူလပိုင်ရှင်စစ်စစ်များ ဖြစ်ဖို့ ၁၂၆
၃၆။ လွှတ်တော်အရပ်ရပ်နှင့် ပြည်သူ့ဆန္ဒ ၁၃၀
၃၇။ ဗဟုဝါဒယဉ်ကျေးမှု ပြန့်ပွားမှ ဒီမိုကရေစီ ထွန်းကားမည် ၁၃၄
၃၈။ မြန်မာလူ့အဖွဲ့အစည်းနှင့် လွတ်လပ်စွာ
ဖွင့်ဟပြောဆိုသည့် အလေ့အထ ၁၃၇
၃၉။ ထူးခြားသော မိန့်ခွန်းများ ၁၄၁
၄၀။ ဒီမိုကရေစီသို့ ရှေးရှုရာလမ်း ၁၄၅
၄၁။ ဒီမိုကရေစီ၏ ကိုယ်ထူကိုယ်ထသဘော ၁၄၉
၄၂။ အာဏာပိုင်စနစ်နှင့် အာဏာပြိုင်စနစ် ၁၅၃
၄၃။ ပြောင်းလဲလိုစိတ်များ ထက်သန်ပြည့်ဝဖို့ လိုသည် ၁၅၇
၄၄။ ဘယ်သူ့အတွက် ဥပဒေလဲ ၁၆၁
၄၅။ ဒီမိုကရေစီထူထောင်ရေးပြဿနာ ၁၆၅
၄၆။ ပြည်သူ့အစိုးရခေတ်နှင့် စတုတ္ထမဏ္ဍိုင် ၁၆၉
၄၇။ စိမ်းလဲ့ကန်သာ တွေ့ဆုံပွဲက ဘာရလဒ်တွေ
ထွက်ပေါ်လာမည်လဲ ၁၇၄
၄၈။ ဒ ချဉ်ကောင်အချင်းချင်း စစ်ခင်းကြသည့်အခါ ၁၇၈
၄၉။ ဒုက္ခမှ ငြိမ်းချမ်းရေးသို့ ၁၈၃
၅၀။ မီးစများနှင့် ရေမှုတ်များကြားက အကောင်းဘက်
မျှော်လင့်ချက် ၁၈၈
၅၁။ မဏ္ဍိုင်အချင်းချင်း ထိန်းကျောင်းခြင်းနှင့်
ပြည်သူ့အကျိုးစီးပွား ၁၉၂
၅၂။ သတင်းကောင်းကို မျှော်ကာ ရင်တမမ ၁၉၆
၅၃။ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး ၂၀၀
၅၄။ သိခြင်း၊ မသိခြင်းနှင့် မသိကြောင်း မသိခြင်းများ ...၊ ၂၀၄
၅၅။ အစိုးရပေါ်လစီနှင့် ပြည်သူ့ဆန္ဒ ၂၀၉
၅၆။ နိုင်ငံရေး အပြောင်းအလဲနှင့် ခေါင်းဆောင်ကောင်း ၂၁၃
၅၇။ မီဒီယာဥပဒေ ရေးဆွဲရာ၌ စာနယ်ဇင်းသမားတို့
ပါဝင်ဖို့ လိုသည် ၂၁၈
၅၈။ သံအိုး ကြေးအိုးများနှင့် တိုးဝှေ့ရသည့်အခါ ၂၂၂
၅၉။ နိုင်ငံတို့အတွက် မျှော်လင့်ချက် ၂၂၆
၆၀။ အများစု အုပ်စိုးမှုနှင့် အနည်းစု၏ ရပိုင်ခွင့် ၂၂၉
၆၁။ စာနယ်ဇင်းသမားနှင့် နိုင်ငံရေး ၂၃၃
၆၂။ ဒီမိုကရေစီ၏ သွင်ပြင်လက္ခဏာများ ၂၃၇
၆၃။ ကမ္ဘာ့နိုင်ငံများနှင့် ဒီမိုကရေစီအဆင့် ၂၄၃
၆၄။ ထရိုဂျန်မြင်း သို့မဟုတ် ဂရိတို့၏ စစ်ပရိယာယ် ၂၄၆
၆၅။ လူထုစိုးမိုးမှု ၂၅၀
၆၆။ ရွှေပုံကြားက ဆင်းရဲသားတိုင်းပြည် ၂၅၆
၆၇။ ဟီရိုရှီးမားနှင့် နာဂါဆာကီမှ အဏုမြူ စစ်တလင်း ၂၅၉
၆၈။ အရှုံးအနိုင် ပြဿနာ ၂၆၀
၆၉။ မူသာဝါဒနှင့် မုသားဝါဒ ၂၆၆
၇၀။ သမိုင်းရေးသော ဂျာနယ်များ ၂၇၄

www.burmeseclassic.com

www.burmeseclassic.com



အထက်တွင်၊

နိုင်ငံရေးသမား၏ အရည်အသွေးသုံးရပ်အဖြစ် နိုင်ငံရေးရာ တတ်သိလိမ္မာမှု၊ ရိုးသားဖြောင့်မတ်မှုနှင့် တိုင်းပြည်နှင့် လူမျိုးကို ချစ်မြတ်နိုးမှုတို့အကြောင်း ပြောခဲ့သည်။ သည်အရည်အသွေးတွေ ပြည့်မီညီညွတ်အောင် ကျင့်ကြံအားထုတ်ခြင်းသည် နိုင်ငံရေးသမားကောင်း ဖြစ်လိုသူတို့၏ တာဝန်ဖြစ်သကဲ့သို့၊ ၎င်းတို့အား ထိုအရည်အသွေး များဖြင့် တိုင်းတာ အကဲဖြတ်ကာ လိုအပ်လျှင် လိုအပ်သလို [illegible] ကွပ်ညှပ်မှုပြုဖို့သည်လည်း ပြည်သူပြည်သားကောင်းတို့ဘက်က သတိပြု ဆောင်ရွက်ရမည့် ဝတ္တရားများပင် ဖြစ်ပါသည်။

[ ၂၂ ဖေဖော်ဝါရီ ၂၀၁၁ ]



# လယ်ယာကျေးလက် ဖွံ့ဖြိုးတိုးတက်ရေး

တိုင်းပြည်လူထု အများစုသည် လယ်ယာကျေးလက်တွင် နေထိုင်ကြ၍ နိုင်ငံ့စီးပွားရေးသည်လည်း စိုက်ပျိုးရေးတွင် အဓိက အခြေခံလျက်ရှိနေရာ၊ လယ်ယာကိစ္စသည် ခေတ်အဆက်ဆက် အစိုးရများ နိုင်ငံရေးပါတီများ နိုင်ငံရေးသမားများ အလေးဂရုပြုရသည့် အရေးကိစ္စတစ်ခု ဖြစ်ခဲ့သည်။

ထို့ကြောင့်လည်း ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး၊ တောင်သူလယ်သမားတို့၏ လူမှုစီးပွားဘဝ မြင့်မားလာရေး ဟူသည်ကို တိုင်းပြည်ရေးရာ စီမံအုပ်ချုပ်လိုသူတို့ အစဉ်တစိုက် ကြွေးကြော် ပြောဆိုလာခဲ့ကြခြင်း ဖြစ်သည်။

ကိုလိုနီခေတ်က လယ်ယာမြေတွင် စီးပွားရေး ကြီးနိုင်ငယ်ညှဉ်းစနစ် ကြီးစိုးသဖြင့် တောင်သူလယ်သမားများ ဖွတ်ကျော်ပြာစု ခရုဆံကျွတ်ဖြစ်ကာ ခံရပ်နိုင်သည့်အဆုံး၌ တောင်သူလယ်သမား အရေးတော်ပုံကြီးတစ်ရပ် ပေါ်ပေါက်ခဲ့ဖူးသည်။ ဤသည်က လူမှုစီးပွားပြဿနာမှ နိုင်ငံရေးပြဿနာသို့ ကူးပြောင်းသွားခြင်းပင် ဖြစ်သည်။

ကိုလိုနီခေတ်က အတွေ့အကြုံကို သင်ခန်းစာယူကာ လွတ်လပ်ပြီးခေတ် အစိုးရ အဆက်ဆက်တို့ လယ်ယာမြေ၌ ပြုပြင်ပြောင်းလဲရေးများ ပြုလုပ်ရန် အစဉ်တစိုက် အားထုတ်ခဲ့ကြသည်။ သို့သော်၊ စီးပွားရေးနှင့် နိုင်ငံရေးတို့ ရောယှက်တင်နေသည့် လယ်ယာမြေ၏ အရေးကိစ္စများသည် နက်ရှိုင်းကျယ်ဝန်းလှသည်ဖြစ်ရာ ပြဿနာကို ဖြေရှင်းရင်း ပြဿနာသစ်တွေ ဆင့်ပွားပေါ်ပေါက်ကာ အဆင်ပြေသည့် အနေအထားသို့ မရောက်ခဲ့ပေ။

ပြီးခဲ့သည့် နှစ်အနည်းငယ်အတွင်းကမူ စက်မှုလယ်ယာစနစ် တိုးတက်ဖြစ်ပေါ်လာရေး၊ ယင်းနှင့် လျော်ညီသည့် စက်မှုလယ်ယာ လုပ်ငန်းကြီးများ ပေါ်ပေါက်လာရေးတို့နှင့် ဆက်စပ်ကာ လယ်ယာမြေကိစ္စ ဆွေးနွေးပြောဆိုသံများ ကြားလာရပြီး၊ ပြီးခဲ့သည့် ရွေးကောက်ပွဲ အကြိုကာလ ပါတီတို့ မူဝါဒများ ကြေညာကြစဉ်လောက်က စတင်ကာ လယ်ယာမြေ၏ အရေးကိစ္စသည် အများပြည်သူ ဆွေးနွေးဝေဖန်မှုနယ်ပယ်သို့ ထင်ထင်ရှားရှား ပြန်လည်ရောက်ရှိလာတာ တွေ့မြင်ရသည်။

ယင်းသို့ ဆွေးနွေးဝေဖန်ကြသည့်အနက် အဓိက အကြောင်းအရာတစ်ခုမှာ လယ်ယာမြေပိုင်ဆိုင်မှုနှင့် ပတ်သက်သည်။ သည်ပြဿနာနှင့် စပ်လျဉ်း၍

www.burmeseclassic.com

www.burmeseclassic.com



အာဏာကို တရားလက်လွတ် သုံးစွဲသည်။

တစ်နည်းပြောသော်၊ အာဏာနှင့် မထိုက်တန်သော အနေအထားသို့ ရွေ့လျားသွားခြင်း ဖြစ်သည်။

ထို့ကြောင့်လည်း၊ အာဏာသည် ဖျက်ဆီးတတ်သော သဘောရှိသည်၊ အလုံးစုံသော အာဏာကား အလုံးစုံ ဖျက်ဆီးတတ်ချေသည် ဟုဆိုကြခြင်း ဖြစ်သည်။

အာဏာကြောင့် တစ်စုံတစ်ယောက် ပျက်စီးသော်၊ ၎င်း၏ အာဏာ သက်ရောက်ရာ နယ်ပယ်ရှိ အခြားသောသူအားလုံးတို့ ထိခိုက် နစ်နာကြရသော သဘောရှိသည်။

ထို့ကြောင့်လည်း၊ တစ်ဦးတစ်ယောက်တည်း၏ လက်မှာ အာဏာ အများကြီး မအပ်နှင်းမိအောင်၊ သို့မဟုတ် တစ်ဦးတစ်ယောက်တည်း အလုံးစုံသော အာဏာတွေ ရရှိမသွားအောင် ထိန်းချုပ်ရန်အတွက် အုပ်စိုး နေရာမှာ နေရသူတို့ အစဉ်အဆက် စဉ်းစားကြံဆခဲ့ကြခြင်း ဖြစ်သည်။

ဤတွင် တွေ့ရှိလာသည့် နည်းလမ်းတစ်ခုက အာဏာများ ခွဲခြားပေးထားသော စနစ် ဖြစ်သည်။

သို့သော်၊ သူက ဟိုနေရာမှာ အာဏာသုံးလိမ့်မယ်၊ ခင်ဗျားက ဒီနေရာမှာ အာဏာ သုံးပေတော့ဟူ၍ အပိုင်းလိုက် အကန့်လိုက် အပြီးအပြတ် အာဏာ အပ်နှင်းလိုက်၍ မရ။ အဲဒါဆိုလျှင် သူ့နေရာ သူ့အကန့်မှာ အလုံးစုံသော အာဏာကို သုံးစွဲပြီး အလုံးစုံ ပျက်စီးသူ ဖြစ်သွားလိမ့်မည်။

ထို့ကြောင့်၊ အလုပ်ဖြစ်ရန်အတွက် သူ့နေရာနှင့်သူ လုပ်ပိုင်ခွင့်အာဏာ ခန့်ခွဲပေးထားသော်လည်း၊ လုပ်ပိုင်ခွင့်ကို လွန်ကျူးစွာ သုံးစွဲလာလျှင် သို့မဟုတ် တလွဲအသုံးပြုလာလျှင် အခြားအာဏာရှိသူ တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့တစ် သို့မဟုတ် တစ်ကဏ္ဍ တစ်ဌာနက ထိန်းချုပ်ဟန့်တားနိုင်ရန် နည်းစနစ်များလည်း ချမှတ်ထားရခြင်း ဖြစ်သည်။

ရှေးရှေးမခေတ်က အာဏာပိုင် သုံးဦးအဖွဲ့ (Triumvirate) ဟူသည်ဖြင့် အုပ်စိုးသောစနစ် ရှိခဲ့သည်။ တစ်ဦးတည်း လက်ထဲ အာဏာအပ်ထားရသည့် စနစ် (dictatorship) နှင့် စာသော် အာဏာခွဲဝေမှု အနည်းငယ်ပိုသဖြင့် သင့်တော်သည် ဟုယူဆကြသည်။

အာဏာပိုင်စိုးလွန်းသည့် သက်ဦးဆံပိုင် ဘုရင်စနစ် (absolute monarchy) ကို မနှစ်သက်သဖြင့် လူထုက တော်လှန်ကာ ဘုရင်ကို လူထုကိုယ်စားလှယ်များ တ်သော ဥပဒေစည်းကမ်းများဖြင့် ထိန်းချုပ်သည့် စည်းမျဉ်းခံဘုရင်စနစ် (constitutional monarchy) သို့မဟုတ် (limited monarchy) ဟူသည်ကို ကျင့်သုံးစေခဲ့တာမျိုးလည်း ရှိသည်။

အာဏာကို ကန့်သတ်ထိန်းချုပ်ရာ၌ ဒီမိုကရေစီနိုင်ငံတို့တွင် ကျင့်သုံးလေ့ရှိသည့် အာဏာများ ခွဲခြားထားမှု (separation of powers)နှင့် အပြန်အလှန် ထိန်းညှိမှု (checks and balances) စနစ်များသည် ယနေ့အထိ လူတို့ စဉ်းစား ကြံဆရသမျှထဲတွင် အကောင်းဆုံးဖြစ်သည်။ အုပ်ချုပ်ရေး (အစိုးရအဖွဲ့)၊ တရားစီရင်ရေး (တရားသူကြီး အဆင့်ဆင့်)နှင့် ဥပဒေပြုရေး (လွှတ်တော်များ) တို့ကို လုပ်ပိုင်ခွင့်များ၊ ကျန်ကဏ္ဍများနှင့် အပြန်အလှန် ထိန်းချုပ်ခွင့်များ ပေးထားရာ၊ နိုင်ငံစီမံအုပ်ချုပ်သော အလုပ်ကိုလည်း လုပ်နိုင်၊ အာဏာသုံးစွဲမှု လွန်ကျူးရအောင်လည်း ထိန်းနိုင်သော သဘောရှိသည်။

ဒီမိုကရေစီနိုင်ငံတွင် အာဏာသုံးရပ်ခွဲဝေ ကန့်သတ်မှုအပြင်၊ လွတ်လပ်သော ယ်ဖင်းများ၌လည်း ထိထိရောက်ရောက် ဝေဖန် ထောက်ပြခွင့်များရှိနေရာ၊ အာဏာထိန်းညှိမှုစနစ်ကို ထပ်ဆင့် အားဖြည့်ထားသည့်သဘော၊ လမ်းလွဲလာသော အာဏာကို လမ်းမှန်ပေါ် တွန်းတင်ပေးနိုင်ရန် ထိန်းကွပ် အာဏာ ပေးထားသော သဘောဖြစ်သည်။

ထို့ပြင် ဒီမိုကရေစီနိုင်ငံများတွင် လွတ်လပ်စွာ ဖွဲ့စည်းထူထောင်ထားကြသည့် ကဏ္ဍနယ်ပယ်ပေါင်းစုံမှ အသင်းအဖွဲ့ ပေါင်းစုံတို့သည်လည်း ကဏ္ဍ အသီးသီးတွင် မိမိတို့ ဖြစ်စေလိုသည်များကို ကိုယ်တိုင် အကောင်အထည်ဖော်ခြင်း၊ အခြားသူများပါ လုပ်ဆောင်လာအောင် ဆွဲဆောင် စည်းရုံးခြင်း၊ တွန်းအားပေးခြင်းများ ပြုလုပ်လျက် ရှိကြရာ၊ မိမိတို့ကဏ္ဍ၌ မိမိတို့ဘာသာ လုပ်ပိုင်ခွင့် အာဏာများ ဖြန့်ကြက်ရယူထား ကြသည့် သဘောရှိရုံမက၊ မိမိတို့ ကဏ္ဍ နယ်ပယ်တွင်းသို့ တခြားမှ အာဏာများ လွှန်ကျူးသက်ရောက်မလာအောင် ဆီးနိုင်ကြသော သဘောလည်း ရှိသည်။

တစ်နည်းပြောရသော်၊ အင်အားဖြင့် လွှမ်းမိုးလာမည့် အာဏာကို တွန်းလှန်နိုင်မည့် ခံအာဏာများ မွေးမြူကြသော သဘောဖြစ်သည်။

တစ်သွေးတစ်သံသမားတို့ကမူ အာဏာအပြိုင်တွေ များသည့်အခါ ဖရဲ ဆူညံသည်၊ နှေးကွေးသည်၊ တစ်ယောက်တစ်ပေါက်နှင့် လိုရာမ ရောက်နိုင် ဟုဆိုချင်ကြသည်။

ဒီမိုကရေစီသမားတို့ကမူ ဘယ်သူ၏ လိုရာခရီးလဲဟူသည်ကို မေးကြော

www.burmeseclassic.com

www.burmeseclassic.com



# ခါချဉ်ကောင်အချင်းချင်း စစ်ခင်းကြသည့်အခါ

ဟာလောက စိမ်းလဲ့ကန်သာတွင် ဆွေးနွေးကြသည့်အခါ စိတ်ဝမ်းကွဲပြား ပျော့ကျရေး ဟူသော ကိစ္စတစ်ရပ် ပါဝင်ကြောင်း သိရ၏။

ဘယ်သူတွေ ဘယ်ဝါတွေ စိတ်ဝမ်းကွဲပြားကြ၍၊ စိတ်ဝမ်းကွဲပြားမှုတို့ အတိုင်းအတာ အတိမ်အနက်က ဘယ်ရွေ့ဘယ်မျှ ရှိသည်ဟု သဘော ရှုမြင်ကြသလဲ ဟူသည်ကိုမူ ဆွေးနွေးကြသူများသာ သိလိမ့်ဦးမည်။

သို့သော်၊ စိတ်ဝမ်းကွဲပြားမှုမှနေ၍ မည်မျှ ကြီးမားသော ဆိုးကျိုးများ သက်ရောက် နိုင်ကြောင်းကိုမူ အားလုံး စဉ်းစားနိုင်ကြသည်။

ပထမဆုံး

စိတ်ဝမ်းကွဲပြားမှုဆိုတာ ဘာလဲ။

အတူတကွ နေကြသူအချင်းချင်း စိတ်သဘောချင်းမတူတာ ဖြစ်သည်။ မတူသည် ဆိုရာမှာ တော်ရုံမဟုတ်၊ သူ့သဘောနဲ့သူ ရှိပါစေ ဟူ၍ မထားနိုင် သူ့မှာ အဲသည် သဘောရှိနေတာကိုပင် သည်းမခံနိုင်တာမျိုး ဖြစ်သည်။ အဲသည် စိတ်ထားမျိုး အပြန်အလှန်ရှိလာသည့်အခါ တစ်ယောက်ကို တစ်ယောက် စိတ်ပျက်တာ စိတ်ကုန်တာ ဒေါသထွက်တာတွေ ဖြစ်လာသည်။ အဲသည်ထက် ဆက်ကာ တစ်ယောက်ကို တစ်ယောက် စိမ်းကားတာ၊ နာကြည်းတာ အတေးအမှတ်ထားတာ၊ ရန်သူလို သဘောထားတာတွေ ဖြစ်လာသည်။

နောက်ဆုံးရလဒ်က မိသားစုတစ်စုထဲမှာ အဲသလို စိတ်ဝမ်းကွဲမှု ပြင်းထန်လာလျှင် မိသားစု ပြိုကွဲသည်။

တိုင်းပြည်တစ်ပြည်ထဲမှာ အဲသလို စိတ်ဝမ်းကွဲမှု ပြင်းထန်လာလျှင် တိုင်းပြည် ပြိုကွဲသည်။

ကြီးမားသော ဥပမာ သာဓကတွေ ကမ္ဘာမှာ ရှိသည်။

အမေရိကန်ပြည်တွင် တောင်ပိုင်းနှင့် မြောက်ပိုင်း ကျွန်စနစ်ကိစ္စ အကြောင်းပြု၍ စိတ်ဝမ်းကွဲပြားခဲ့ကြသည်။ တောင်ပိုင်းက ကျွန်စနစ်ကို ထိန်းသိမ်းထားလိုသည်။ တောင်ပိုင်းသားတို့၏ လယ်ယာစီးပွားရေးက ကျွန်တို့၏ လုပ်အားပေါ်တွင် အခြေခံ တည်ဆောက်ထားရသောကြောင့် ဖြစ်သည်။ မြောက်ပိုင်းသည် ကျွန်လုပ်အားမလိုအပ်။ ထို့ကြောင့်၊ လူလူချင်း ခွဲခြားရာ၌ အဆိုးဝါး အရက်စက်ဆုံး ဖြစ်သည့် ကျွန်စနစ်ကို ၎င်းတို့ ပြတ်ပြတ်သားသား ဆန့်ကျင်နိုင်ကြသည်။



ဘစ်တိုင်းပြည်တည်းမှာ ကျွန်စနစ်နှင့် သက်ဆိုင်သည့် ဥပဒေစည်းကမ်း တစ်ပြိုင်နက် ကျင့်သုံး၍ မရသည့်အခါ တစ်ဖက်ဖက်က လျှော့ပေးရသည့် အနေအထား ရောက်ရှိလာသည်။

ဘယ်သူကမှ မလျှော့နိုင်သည့်အခါ တစ်အိမ်တည်း နှစ်ခြမ်းကွဲသလို ဖြစ်လာသည်။

တစ်ဖက်နှင့် တစ်ဖက် အင်အားချင်းကလည်း သိသိသာသာ မကွာခြား၊ ရန်လို မုန်းထားမှုများကလည်း သူရောကိုယ်ပါ တူညီစွာ ပြင်းထန်လာသည့်အခါ ပြည်တွင်းစစ် မီးကြီး ဟုန်းဟုန်းတောက်သည်။

မြောက်မြားစွာ သေကြေပျက်စီးကြပြီးနောက်၊ မြောက်ပိုင်းက အနိုင်ရ သွားသည့်အခါ ပြည်ထောင်စုကြီး မပြိုကွဲအောင် ထိန်းသိမ်းနိုင်ခဲ့သည် ဆိုသည်။

အကယ်၍ တောင်ပိုင်းက အနိုင်ရပြီး တစ်နိုင်ငံလုံးကို သိမ်းပိုက်နိုင်ခဲ့မည် ဆိုလျှင်လည်း အလားတူပင် ကြွေးကြော်ပေလိမ့်မည်။

ဘယ်သူကမှ အနိုင်မရဘဲ ကိုယ့်အပိုင်းကိုယ်သာ ထိန်းချုပ်ထားနိုင်သည့် အနေအထားမျိုးတွင် ရှည်ကြာနေလျှင်မူ တောင်ပိုင်းနှင့်မြောက်ပိုင်း လုံးလုံး ကွဲလျား ကွဲပြားသွားကာ အမည်နာမနှစ်မျိုးဖြင့် အမေရိကန်နှစ်နိုင်ငံ ဖြစ်သွားလိမ့်မည်။

စိတ်ဝမ်းကွဲရာက တိုင်းပြည် ပြိုကွဲတတ်သော သဘောကို ပြောခြင်း ဖြစ်သည်။

တစ်စိတ်တစ်ဝမ်း မညီလျှင် အင်အားချည့်နဲ့ကာ ရန်သူအစစ်တို့၏ ဖျက်ခြင်း ခံရနိုင်ကြောင်းကိုလည်း အီစွပ်ပုံပြင်တွင် အဘိုးအိုက သူ့ သားများအား ထင်းချောင်းနှင့် ထင်းစည်း ဥပမာဖြင့် သင်ကြား ပြသခဲ့သည်။

တစ်ချောင်းချင်းဆိုလျှင် အားမရှိ၊ အတူတကွ စည်းနှောင်ထားလျှင် အားရှိသည်။

ဤတွင် စဉ်းစားရန်က လူအချင်းချင်းကို ဘာနှင့် စည်းနှောင်ထားနိုင်မည် ဟူသောအချက် ဖြစ်သည်။

တစ်ယောက်ယောက်က အင်အားသုံးကာ ထင်းချောင်းများကို စည်းသကဲ့သို့ ကြိုးဖြင့် အခိုင်အမာ ရစ်ပတ်တုတ်နှောင်ထားလိုက်လျှင် အချောင်းချောင်း ထိုးထွက် ပေါ်စကာ ငြိမ်သက်သွားနိုင်သည်။

သည့်အပြင်၊ တူညီသော လက်ငင်းအကျိုး လွတ်မြောက်ရေးအတွက် အတူတကွ

www.burmeseclassic.com

www.burmeseclassic.com

နှစ်ပေါင်း ၄၀၀ မျှရှည်လျားခဲ့သည့် ကမ္ဘာ့စီးပွားရေးပညာ သမိုင်းတစ်လျှောက် ပြောင်ပြောင်ထင်ရှားခဲ့သော တွေးခေါ်ရှင် ပညာရှင်များ။ ၎င်းတို့ ဖြတ်သန်းကျင်လည်ရာ တိုင်းပြည်ဒေသနှင့် ခေတ်ကာလဝန်းကျင်အနေအထားများ ထိုအနေအထားများပေါ်တွင် အခြေခံတည်၍ ၎င်းတို့၌ ဖြစ်ပေါ်သည့် စီးပွားရေးဆိုင်ရာ အတွေးအမြင် အယူအဆများ။ ယင်းအယူအဆများက နိုင်ငံတကာရှိ လူတို့၏ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးဘဝများ အပေါ် လွှမ်းမိုးသက်ရောက်ပုံများ။

# ဖေမြင့်

## စီးပွားရေးတွေးခေါ်ရှင်များ

[ အက်ဒမ် စမစ်၊ ဂျယ်ရီမီ ဘင်သမ်၊ ဒေးဗစ် ရီကာဒို၊ ကားလ်မာ့က်(စ)၊ အဲဖရက် မာရှယ်၊ သော်စတိုင်း ဗက်ဘလင်၊... စသည်တို့ အပါအဝင် ပုဂ္ဂိုလ် ၂၅ ဦး၏ ဘဝနှင့်အတွေးအမြင်များ။ ]

[ စာမူခွင့်ပြုအမှတ် – ၄၀၀၇၃၆၀၆၀၇ ]

BURMESE CLASSIC .com

ကျွန်တော်တို့ အားလုံးမှာပင် မိမိ တန်ဖိုးထားသောအရာ၊ မိမိ သစ္စာစောင့်သိရမည်ဟု ယုံမှတ်ထားသည့်အရာ၊ မိမိ လုပ်ဆောင်ရမည့်တာဝန်ဟု မိမိဘာသာ ပြဋ္ဌာန်းမိသည့် အရာများရှိပါသည်။ ဒါတွေကို ကျေပွန်စွာ ထမ်းရွက်နိုင်သော် ကျွန်တော်တို့ ဝမ်းသာပီတိဖြစ်ကြသည်။ ကျေပွန်ခဲ့သော မိမိကိုယ်တိုင်အတွက်လည်း ဂုဏ်ယူမိကြသည်။ တာဝန်မကျေပွန်ခဲ့လျှင် သို့မဟုတ် သစ္စာဖောက်ဖျက် ဆန့်ကျင်ဘက်အလုပ်ကို လုပ်ခဲ့မိလျှင်ကား အကြီးအကျယ် စိတ်မချမ်းမြေ့ခြင်းဖြစ်ရပါသည်။ မိမိအတွင်းစိတ်၏ ကဲ့ရဲ့ရှုတ်ချခြင်းကိုလည်း မိမိဘာသာ အပြင်းအထန် ခံရတတ်ပါသည်။

# ဖေမြင့်

## တန်ဖိုးထားအပ်သော အရာများ

[စာမူခွင့်ပြုအမှတ် ၅၄/၂၀၀၄(၁)]

www.burmeseclassic.com

